# အင္မအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲ

## စက်တင်ဘာလ (၇)ရက်၊ မန္တလေးမြို့

၁။ အင္မအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲကို **"Step towards AEC"** ခေါင်းစဉ်ဖြင့် မန္တလေးမြို့၊ ရွှေပြည်သာဟိုတယ်၊ သာရတနာခန်းမ၌ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့တွင် ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို Parami Energy Group of Companies မှ အဓိကပံ့ပိုးကူညီပြီး PT & MM Event Ads Co., Ltd မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး စုစုပေါင်း ၁၅၁ ဦးတက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်မှ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

၂။ အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ

(၁) **Trade in Services** - **ဒေါ်မြတ်မြတ်စိုး**
(၂) **Logistics & Dry Port** - **ဦးအောင်ခင်မြင့်**
(၃) **Tourism Mandalay** - **ဦးစိုးမြင့်သန်း**
(၄) **Intellectual Property Rights** - **ဦးသန်းမောင်**

**Logistics and Dry Ports**

- နိုင်ငံတော်မှ မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ Dry Ports များတည်ဆောက်ရန် အစီအစဉ်ရှိ/မရှိ။

**Trade in Services and Tourism Mandalay**

- ကျွမ်းကျင်သော ဧည့်လမ်းညွှန်ကောင်းများပေါ်ထွက်လာရေးအတွက် အရည်အချင်းစစ်စာမေးပွဲများကို နိုင်ငံတကာအဆင့်မီဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။

**Intellectual Property Rights**

- ကိုယ်ပိုင်တွေးခေါ်တီထွင်ထားသောပစ္စည်းများနှင့် မိမိနိုင်ငံထွက်ကုန်များကို ပြည်ပနိုင်ငံများမှ ပုံစံတူကူးယူမှုမပြုနိုင်ရန်အတွက် ဉာဏပစ္စည်းမူပိုင်ခွင့်များကို နိုင်ငံတော်မှ ချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိ။

**လူထုဗဟိုပြုအသံများ**

မန္တလေးအလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များ၏ အဓိကကျသော အခက်အခဲများကို သိရှိနိုင်ရန်အတွက် စစ်တမ်းမေးခွန်းများ မေးမြန်းရာမှ အောက်ပါအချက်များကို ဖော်ပြထားကြပါသည်။

| | | |
|---|---|---|
| ၁ | အိမ်ခြံမြေဈေးနှုန်းကြီးမြင့်ခြင်း | ၉၁% |
| ၂ | စီးပွားရေးနှင့်ပတ်သက်သော ဥပဒေများကို နားမလည်ခြင်း | ၇၉% |
| ၃ | လျှပ်စစ်ဓာတ်အား မလုံလောက်ခြင်း | ၇၉% |
| ၄ | ကျွမ်းကျင်လုပ်သားများ မလုံလောက်ခြင်း | ၇၇% |
| ၅ | ခေတ်မီ စက်မှုနည်းပညာ အသုံးပြုမှု နောက်ကျခြင်း | ၇၇% |
| ၆ | သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမြင့်ခြင်း | ၇၅% |
| ၇ | အကောက်ခွန် လုပ်ထုံးလုပ်နည်းများ တင်းကြပ်ခြင်း | ၇၅% |